## စိတ်ကျန်းမာရေး

၂၀၂၃ ခုနှစ်တွင် ကျောင်းသားများ၏ ၄၂% သည် ဝမ်းနည်းခြင်း သို့မဟုတ် မျှော်လင့်ချက်မဲ့ခြင်းစသည့်ခံစားချက်များကို ခံစားခဲ့ရကြောင်း ဖော်ပြခဲ့သည်။ စိတ်ကျန်းမာရေးညံ့ဖျင်းခြင်းသည် ဝမ်းနည်းမှုကိုအနည်းငယ်ခံစားရခြင်းထက် ပိုပြင်းထန်သည်။ ၎င်းသည် သင့်ဘဝ၏ အစိတ်အပိုင်းများစွာကို ထိခိုက်စေနိုင်သည်။ ၎င်းသည် ဆယ်ကျော်သက်လူငယ်များကို ကျောင်းတွင်အခက်အခဲဖြစ်စေနိုင်ခြင်း၊ ဆုံးဖြတ်ချက်ရာတွင် အထိအခိုက်ဖြစ်စေခြင်း အစရှိသည်တို့ ဖြစ်စေနိုင်ပြီး အလုံးစုံကျန်းမာရေးကိုလည်း ထိခိုက်စေနိုင်သည်။ ဆယ်ကျော်သက်လူငယ်များကို အကူအညီတောင်းခံနိုင်ကြောင်း အသိပေးရန်လိုအပ်သည်။ အမည်းစက်တွေကိုဖယ်ရှားဖို့က အဓိကပါပဲ။

## စိတ်ကျန်းမာရေးအခြေအနေတွေကိုဘာတွေကဖြစ်စေတာလဲ။

စိတ်ကျန်းမာရေးအခြေအနေများသည် အမေရိကန်တွင် အဖြစ်များဆုံး ကျန်းမာရေးအခြေအနေများစွာထဲမှ တစ်ခုဖြစ်သည်။ စိတ်ကျန်းမာရေးအခြေအနေတစ်ခုရှိနေခြင်းသည် ရှက်စရာမဟုတ်ပါ။ အကြောင်းအရာတစ်ခုတည်းကနေ ဖြစ်စေနိုင်ခြင်းမရှိပါ၊ စိတ်ကျန်းမာရေးထိခိုက်စေသည့် အကြောင်းရင်းများမှာ- :

- ဇီဝဗေဒဆိုင်ရာအချက်များ သို့မဟုတ် ဦးနှောက်အတွင်းရှိ ဓာတုပစ္စည်းမညီမျှမှုများ
- ဆိုးရွားသောကလေးဘဝအတွေ့အကြုံများ (Adverse childhood experiences, ACEs)
- နာတာရှည်ဆေးဘက်ဆိုင်ရာ အခြေအနေများနှင့်ပတ်သက်သော အတွေ့အကြုံများ
- အရက် သို့မဟုတ် မူးယစ်ဆေးဝါးသုံးစွဲမှု
- ကိုယ်ထီးတည်းဖြစ်ခြင်း သို့မဟုတ် အထီးကျန်ခြင်း ခံစားချက်များ အမြဲရှိနေခြင်း

ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာများ၊ ၂၀၂၄ ခုနှစ်




**နောက်ထပ်အချက်အလက်များအတွက် Olivia Hesler ထံသို့ ohesler@health.in.gov တွင် ဆက်သွယ်နိုင်ပါသည်။**



Indiana Department of Health

မိသားစုကျန်းမာရေး အချက်အလက်နှင့် သေဆုံးမှုကာကွယ်ရေး ဌာနခွဲ

# စိတ်ကျန်းမာရေးက အရေးကြီးပါတယ် s

Indiana Department of Health




## လက္ခဏာများကို နားလည်သိရှိခြင်း

သင် သို့မဟုတ် သင်သိသောတစ်စုံတစ်ဦးသည် ဤလက္ခဏာများကို ခံစားရပါက တစ်စုံတစ်ဦးနှင့်ဆွေးနွေးတိုင်ပင်သင့်သည့် အချိန်ရောက်ပြီဟု ဆိုလိုပါသည်-

- ယခင်ကနှစ်သက်ခဲ့သောအရာများကို စိတ်မဝင်စားတော့ခြင်း
- အဆက်အသွယ်ပြတ်နေသလို ခံစားရခြင်း
- အိပ်ချိန် သို့မဟုတ် စားချိန်များ ပြောင်းလဲခြင်း
- အာရုံစူးစိုက်ပြီး စနစ်တကျနေထိုင်ရာတွင် အခက်အခဲဖြစ်နေခြင်း
- စိတ်လှုပ်ရှားကြောက်ရွံ့မှုများလာခြင်း
- စိတ်နေစိတ်ထားအပြောင်းအလဲမြန်ခြင်း
- စိတ်ထိခိုက်လွယ်ခြင်း

## သင့်စိတ်ကျန်းမာရေးကို ဘယ်လိုဂရုစိုက်ရမလဲ

မိမိကိုယ်ကို ဂရုစိုက်ခြင်းသည် သင်၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို မြှင့်တင်ရာတွင် သိသာထင်ရှားသောအကျိုးသက်ရောက်မှုကို ဖြစ်စေနိုင်သည်။ ဤသည်မှာ သင့်စိတ်ကိုစတင်ဂရုစိုက်ရာတွင် အသုံးပြုနိုင်သည့်အကြံပြုချက်အချို့ဖြစ်သည်။

- သင့်အားကူညီပံ့ပိုးနိုင်သော သူငယ်ချင်းများ၊ မိသားစုများနှင့် အဆက်အသွယ်ရှိခြင်း
- သီချင်းနားထောင်ခြင်း၊ တရားထိုင်ခြင်း သို့မဟုတ် စာဖတ်ခြင်းကဲ့သို့သော စိတ်အပန်းဖြေခြင်းဆိုင်ရာ လှုပ်ရှားမှုများကို စမ်းလုပ်ကြည့်ခြင်း
- လမ်းလျှောက်ထွက်ခြင်း။ လမ်းလျှောက်ချိန် တိုတောင်းသည့်တိုင် ၎င်းသည် သင်၏စိတ်ခံစားချက်ကို မြှင့်တင်ပေးနိုင်ပါသည်
- အိပ်ရေးဝဝအိပ်ခြင်း
- သင့်ခံစားချက်ကို ထုတ်ဖော်ပြောကြားခြင်း
- ချစ်ခင်ရသူများနှင့် စကားပြောခြင်း
- လက်ခံ၍ မိမိကိုယ်ကိုတန်ဖိုးထားခြင်း

## နောက်ထပ်အကူအညီလိုရင် ဘာလုပ်မလဲ။

**အကူအညီတောင်းခံနိုင်ပါတယ်။**

သင့်စိတ်ကျန်းမာရေးအကြောင်း တစ်စုံတစ်ဦးနှင့် တတ်နိုင်သမျှ ပွင့်လင်းရိုးသားစွာဆွေးနွေးပါ။

findtreatment.gov သို့သွား၍ သင့်အနီးရှိ စိတ်ကျန်းမာရေးဝန်ဆောင်မှုများကို ရှာဖွေပါ။

## အရင်းအမြစ်များ

**988 သတ်သေမှုနှင့် အရေးပေါ်ကာလအသက်ကယ်ဖုန်းလိုင်း**

**နိုင်ငံလုံးဆိုင်ရာသတ်သေမှုဟော့လိုင်း-**
1-800-273-8255 သို့ ဖုန်းခေါ်ဆိုနိုင်ပြီး 741741 သို့ "IN" ဟု စာပို့နိုင်ပါသည်

**Trevor ပရောဂျက် (LGBTQ+ လူငယ်)-**
866-488-7386 သို့ ဖုန်းခေါ်ဆိုနိုင်ပြီး 202-304-1200 သို့ "TREVOR" ဟု စာပို့နိုင်ပါသည်

**ဆယ်ကျော်သက်လူငယ်အရေးပေါ်ကာလဝန်ဆောင်မှု-**
"SAFE" ဟူသောစာသားကို သင့်တည်နေရာနှင့်တကွ 4HELP(44357) သို့ စာပို့နိုင်ပါသည်

**ဆယ်ကျော်သက်လူငယ် စိတ်ကျန်းမာရေးဆိုင်ရာအချက်အလက်များနှင့် အသေးစိတ်အချက်အလက်များကို ဆက်လက်လေ့လာရန်-**

**သင့်အနီးနားရှိ နောက်ထပ်အရင်းအမြစ်များကို ရှာဖွေရန် ဒေသတွင်း ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ပါ-**

**ဒေသတွင်းအရေးပေါ်ကာလဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စတင်ဆွေးနွေးပါ-**

## သင်တစ်ယောက်တည်း မဟုတ်ပါဘူး။

**988**

သတ်သေမှုနှင့် အရေးပေါ်ကာလ
**အသက်ကယ်ဖုန်းလိုင်း**